# ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ

## အရှင်ဉာဏိကာဘိဝံသ

"တစိမ်းပြင်ပ ဝါဒရှင်တွေက ဗုဒ္ဓသာသနာဝင်တို့အတွင်း ကင်ဆာရောဂါလို လိုက်လိုက်ပြီး စားနေကြတယ်။ ရွက်ကျပင်ပေါက်လို လူဖောက်ပြီး လူမျိုးကို မျိုနေကြတယ်။ အင်းအိုင်တို့ကိုကောစေတဲ့ ဗေဒါပင်တွေလို လူမျိုးနှင့်သာသနာ ပျက်ပြုန်းအောင် ဖွဲ့နပဲကြီးကြီး တက်တက်ကြွကြွနဲ့ လှုပ်ရှားနေကြတယ်။

ဗုဒ္ဓသာသနာဝင်တွေဟာ ကိုယ်ပိုင်ကာကွယ်မှုစွမ်းရည်ထက်မြက်အောင် ကြိုးစားထားရမယ်။ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့ရောလက်တွေ့ပါ ပြည့်စုံကျေနပ်သည်အထိ ကျင့်သုံးကျရမယ်"။

ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျေးဇူးရှင်ဆရာတော်၏ အဆိုအမိန့်များစာအုပ်ထဲက ကောက်နုတ်ချက်လေးပါ။ သာသနာ့အရေးနဲ့ပတ်သက်လာရင် အမှတ်မဲ့ မနေတတ်တဲ့ ဆရာတော်ကြီးရဲ့ထောက်ပြချက်တစ်ကွက်ဟာ ငိုက်မြည်းနေသူတို့အတွက် ကြက်သီးထ လန့်ဖျတ်သွားတဲ့အထိ ဖြစ်ရပါတယ်။ အထူးသဖြင့် ဗုဒ္ဓအဆုံးအမများနဲ့ အခြေပြုတည်ဆောက်ထားတဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ယဉ်ကျေးဖော်ရွေမှုတွေကို မရိုးနိုင်စွာ ဖော်ပြဂုဏ်ယူရင်း မိမိဂုဏ်ယူနေလေတဲ့ ယဉ်ကျေးမှုရဲ့အလှတွေ ပျက်သုဉ်းလေမယ့်အရာများစွာကို သဘောတရားကောင်းလွန်းစွာ ၊ မသိမိုးမားစွာ လက်ခံကျင့်သုံးနေသူတို့အတွက် ထိုးနှက်လိုက်တဲ့ အချက်ပေးခေါင်းလောင်းသံ ပမာပါပဲ။

တကယ်ဆိုတော့ ပွင့်လင်းရိုးသားခြင်း၊ ရင်းနှီးဖော်ရွေခြင်း၊ ထောက်ထားညှာတာခြင်းစတဲ့ မေတ္တာကရုဏာစသည်များရဲ့ အမှတ်သင်္ကေတ လက္ခဏာအချို့ဟာ မြန်မာတို့ရဲ့မူပိုင်ဟန်ပန်များသာ ဖြစ်တယ်ဆိုရင် မှားမယ်မဟုတ်ပါဘူး။ ပွင့်လင်းရိုးသားခြင်း၊ ထောက်ထားညှာတာခြင်းစတဲ့ ကောင်းမွန်တဲ့လက္ခဏာများကို ပိုင်ဆိုင်ထားသမို့ မြန်မာတို့ရဲ့ လူမှုဝန်းကျင်ဘဝဟာလဲ ဂုဏ်ယူမြတ်နိုးဖွယ်သာဖြစ်တယ်လို့ပြောရမှာပါ။ ဟန်ဆောင်မှုကင်း၊ ရိုးရှင်းတဲ့စာနာမှုများကို အခြေပြုခဲ့တာဖြစ်လို့ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှုဆိုတာ ချီးကျူးဖွယ်ရာ မြန်မာတို့ရဲ့အလှများစွာထဲက တစ်ခုသာပါ။

မြန်မာတို့ရဲ့ သမိုင်းအစုအစဉ်ကိုပြောလေတိုင်း ပုဂံခေတ်ရဲ့အပိုင်းကို ချန်လှပ်ထားလို့ မဖြစ်နိုင်ကြောင်း အားလုံးသဘောပေါက်ပြီးသားသာ ဖြစ်ပါမယ်။ ပုဂံခေတ်ရဲ့ဝင်းလက်တောက်ပြောင်မှုဟာ သမိုင်းထဲမှာသာ မြုပ်ကွယ်ပြီးနေရစ်လေခဲ့တဲ့ ဒဏ္ဍာရီပုံရိပ်များမဟုတ်ကြောင်း ပစ္စုပ္ပန်ခေတ်သစ်ရဲ့ ပုဂံအလှများက သက်သေပြုနေဆဲပဲဖြစ်ပါတယ်။ ကမ္ဘာမှာမြန်မာကွရယ်လို့ ဂုဏ်ယူနိုင်လောက်အောင် ဝင့်ထည်မှုပြုနိုင်ဖို့အတွက်ဆိုလျှင် ဟောင်းနွမ်းနေတဲ့ ပုဂံရဲ့ ရှန်းလက်မှုများကိုထည့်တွက်ပါမှ ပြည့်စုံပါလိမ့်မယ်။ ပြောရရင် ပုဂံမပါရင် မြန်မာပါဆိုတာကိုတောင်မှ ပြောပြဖို့ အင်အားပြည့်ဝဖို့ လွယ်ကူမယ်မဟုတ်ပါဘူး။ ရွှေစည်ခုံနဲ့သဗ္ဗညု၊ အာနန္ဒာနဲ့စူဠာမဏိ၊ ထီးလိုမင်းလိုနဲ့ဓမ္မရံကြီးစတဲ့စတဲ့ စေတီပုထိုးတော်ကြီးတွေဟာ ပုဂံတစ်ခေတ်ရဲ့ အထွတ်အချာဖြစ်မှုကို လှစ်ဟပြသလို့နေခြင်းလို့ ဝံ့ဝံ့စားစား

ဆိုနိုင်ပါတယ်။ အမှန်က ဒါတွေဟာဖြင့် မျက်မြင်သက်သေ ကျန်ရစ်နေလေတဲ့ ပုဂံခေတ်ရဲ့ ဗဟိဒ္ဓပြင်ပ ပုံရိပ်လွှာ ယဉ်ကျေးမှု အမွေများသာပါ။ သိသာထင်ရှားတဲ့ လက္ခဏာအသွင်အပြင်တွေမျှသာပါ။

ပုဂံရဲ့ မျက်မြင်ပုံရိပ်လွှာများအောက်မှာ ဘယ်လိုမှမေ့ဖျောက်လို့ မရနိုင်စကောင်းတဲ့ နက်ရှိုင်းမှုက ပုဂံသားတို့ရဲ့ အဇ္ဈတ္တယဉ်ကျေးမှုများပါ။ စေတီပုထိုးအမျိုးမျိုးရဲ့ ခန့်ညားထည်ဝါမှု၊ တည်ကြည်ရင့်ကျက်မှုတို့အောက်မှာ ပုဂံသားတို့ရဲ့ ဗိသုကာပညာရပ်ကို ဖွေရှာလို့ရနိုင်သလို၊ ဂူပုထိုးတို့အတွင်းမှာရှိတဲ့ ပုဂံခေတ်ပန်းချီလက်ရာများနောက်က ယဉ်ကျေးမှုအနုလက်ရာ ဖန်တီးနိုင်မှုစွမ်းအားကိုလည်း ခန့်မှန်းမိနိုင်ပါတယ်။ အသိပညာယဉ်ကျေးမှု၊ အတတ်ပညာယဉ်ကျေးမှုတွေနဲ့ ပြည့်ကြွယ်လှတဲ့ ပုဂံရဲ့ ဘဝမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတဲ့အရာများဟာ ဗုဒ္ဓရဲ့အဆုံးအမဒေသနာများသာ ဖြစ်လေတယ်လို့ တိတိကျကျဆိုနိုင်ပါတယ်။ ရှင်အရဟံနဲ့အနော်ရထာ ဆရာဒကာညီညွတ်မျှတစွာ သူ့တာကိုယ့်တာ ကျေပွန်ခဲ့ကြလေသမို့ ပုဂံသာသနာ ထည်ဝါဝင့်ကြွားခဲ့သလို၊ ခေတ်သစ်ကမ္ဘာမှာလဲ မြန်မာရယ်လို့ ဂုဏ်ယူဖွယ်ဆိုတာ ပုဂံမှ ပုဂံရယ်သာပါလို့ဆိုရင် လွန်မယ်မဟုတ်ပါဘူး။

ခိုင်မာခဲ့တဲ့နိုင်ငံတော်၊ ဝင့်ထည်ခဲ့တဲ့နိုင်ငံတော်၊ အဲဒီပုဂံနိုင်ငံတော်မှာ စည်းလုံးမှုအားမာန်၊ ညီညွတ်မှုရဲ့ပုံရိပ်ဟန်တွေဟာ အလျံပယ် ပေါ်ကြွယ်လှပါတယ်။ ကျေးဇူးသစ္စာတရားရဲ့ပြယုဂ် ကျန်စစ်သားကိုသာ ထုတ်ကြည့်မယ်ဆိုရင် ရာဇကုမာရ်လို ပုဂ္ဂိုလ်တွေ အမြောက်အများကျန်နေဦးမှာ မလွဲပါဘူး။ ဒီလိုပါပဲ မေတ္တာတရားရဲ့ သင်္ကေတအဖြစ် ရာဇကုမာရ်ကိုသာ ပုံစံပြမယ်ဆိုရင် အနန္တသူရိယလို ပုဂ္ဂိုလ်တွေက အမြောက်အများကျန်ရစ်နေလေဦးမှာပါ။ တကယ်က ပုဂံဟာ မေတ္တာတရားရဲ့ပြယုဂ်၊ သစ္စာတရားရဲ့ အသွင်သဏ္ဍာန်၊ လုံ့လဝီရိယရဲ့ ပုံဟန်လက္ခဏာတွေနဲ့ ပြည့်စုံကြွယ်ဝလှပါတယ်။ ကျန်ရစ်သူတွေအတွက် ချန်ရစ်ခဲ့တဲ့ အနုမာန်၊ အားမာန်၊ ဇာတိအမွေအနှစ် ပုံစံတွေဆိုတာ ထုတ်ပြလို့ကုန်နိုင်ဖွယ် မရှိနိုင်ပါဘူး။

ခုလို ကောင်းခြင်းလက္ခဏာရပ်တွေနဲ့ပြည့်ဝနေခြင်းဟာ အထပ်ထပ်ရစ်ပတ်ထားတဲ့ ပုဂံရဲ့နှလုံးသား ရွှေပေလွှာမှာ ဗုဒ္ဓအဆုံးအမဒေသနာတွေ ဝင့်ကြွားခန့်ထည်စွာ နေရာယူခဲ့ခြင်းကြောင့်သာ ဖြစ်လေတယ်ဆိုရင် ဧကန်မှန်တဲ့ သစ္စာစကားတစ်ခွန်းသာဖြစ်မှာပါ။ အတတ်ပညာတွေထွန်းကား၊ အသိပညာတွေမြင့်မားလှတဲ့ အဲဒီရွှေရောင်အချိန်ကာလများမှာ ဒေသနာတွေကလာတဲ့ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးတရားတွေဟာ လူကြီးလူရွယ်လူငယ်တို့ကြားမှာ ပြန့်ပွားနေလေမယ့် ဓမ္မတေးချိုမြမြတွေသာ ဖြစ်လေမှာပါ။ လူ့အဆင့်အတန်းကို တစ်ဆင့်ထက်တစ်ဆင့်၊ မြင့်သထက်မြင့်အောင် မြှင့်တင်လေတဲ့ ဗုဒ္ဓရဲ့ လူသားကျင့်ဝတ်ဆိုင်ရာနီတိတွေကို မောင်းထောင်းရင်းဆို ရေခပ်ရင်းဖွဲ့ခဲ့ကြတဲ့ အဲဒီအချိန်ကာလများကိုဖြင့် မှန်းမျှော်မိတိုင်း လွမ်းမောဖွယ် ဖြစ်မိရတတ်ပါတယ်။ ခုများမှာတော့ . . .။

ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝအတွက် လောကဓမ္မ နှစ်ဖြာသောသုခကို ပေးစွမ်းနိုင်လေတဲ့ ဗုဒ္ဓရဲ့ အဆုံးအမ ဥပဒေသတွေကို စနစ်တကျ သုံးစွဲပြသွားလေတဲ့ အနော်ရထာ ကျန်စစ်တို့ရဲ့ ပုဂံခေတ်မှာ မြန်မာဆိုတာ မထင်မရှား နောက်နားမှာ ကျန်ရစ်ခဲ့လေတဲ့ နောက်မြီးဆွဲနိုင်ငံတစ်ခု မဟုတ်ခဲ့ပါဘူး။ ခုများမှာတော့ . . .။

ဆေးရှိလျက် အနာနဲ့ဆေး တည့်အောင်မပေးနိုင်တဲ့ နှောင်းခေတ်ကာလများမှာတော့ ဗုဒ္ဓအဆုံးအမ တရားဆိုတာ ခေတ်နောက်ပြန်ဆွဲဝါဒီတို့ရဲ့ နိဗ္ဗာန်နှင့်မြောက်၊ ငရဲနှင့်ခြောက် ထွန်းပေါက်မှုကို ပိတ်ပင်တတ်တဲ့ ဝါဒတစ်ခုအဖြစ်၊ ပျော့ညံ့မှုကို အားပေးတတ်တဲ့ ဝါဒတစ်ခုအဖြစ်သာ ခေတ်သစ် လူငယ်တို့ရဲ့အလည်မှာ မျက်နှာငယ်ခဲ့ရပါတယ်။ ဗုဒ္ဓအဆုံးအမဆိုတာ သက်ကြီးရွယ်အိုနဲ့ လောက နယ်ပယ်က လူပိုတို့ရဲ့ စိတ်နားခိုရာ၊ ဖြေဆည်ရာ တစ်ခုလို့သာ ထင်မှတ်စရာ ဖြစ်ခဲ့ရတယ်။ စူးစမ်းမှု ကိုလိုလား၊ ခွဲခြမ်းမှုကိုခုံမင်သော တက်သစ်စ လူငယ်တို့ရဲ့ လိုအင်ဆန္ဒနဲ့ စပ်ဟပ်မိတဲ့ တရားတော် တွေဆိုတာ ဗုဒ္ဓရဲ့ အဆုံးအမဒေသနာများမှာ များမှများလှစွာပါ။ တကယ်က စစ်မှန်တဲ့ ဗုဒ္ဓအဆုံး အမ များမှာ စိတ်ကူးယဉ်အိပ်မက်ဆန်တဲ့ ဖြစ်နိုင်ချေနည်းပါးသော ယုတ္တိမဲ့သဘောတရားများ လုံးဝမပါဝင်ပါ ဘူး။သို့ပေမယ့် စစ်မှန်တဲ့ အရာရဲ့နောက်မှာ အတုအယောင်တွေဆိုတာ လိုက်ပါလာတတ်စမြဲမို့ အနှစ်သာရ အတိပြည့်နေတဲ့ ဗုဒ္ဓရဲ့ဒေသနာတွေ နောက်မှာလဲ အတုအယောင်တရားတွေက ကပ်ခိုလို့ ပါလာခဲ့ပါတယ်။ အွန္တိမ သွန္တိသုခ–အဆုံးအပိုင်းခြားမဲ့ ငြိမ်းချမ်းမှုကိုပေးစွမ်းနိုင်တဲ့ ဗုဒ္ဓရဲ့ဒေသနာ အလှတရားကို မပြောပလောက်တဲ့ အပေါ်ယံ လောကီတစ်ဘဝ ကောင်းကျိုးအနည်းငယ်မျှလောက်နဲ့ ဆွဲဆောင်သိမ်းသွင်းပြီး ဟောပြောပြသ၊ ရေးသားမှုတွေဟာ တစတစနဲ့များပြားလာပါတယ်။ ပြည်တန် ပတ္တမြားကို ပုန်းရည်ကြီးနဲ့ လဲစားသူတွေများလာသလို ထိုင်နေတဲ့ဝါးကြမ်းခင်းလေး ပြုတ်မထွက်ရလေ အောင် ရွှေကြိုးနဲ့ ငြမ်းတုတ်တဲ့ သူတွေကလဲ များသထက်များများလာပါတယ်။

အဇ္ဈတ္တရဲ့ငြိမ်းချမ်းမှု၊ သိမ်မွေ့လေးနက်မှုတို့အတွက် ဦးတည်ပဓာနပြဌာန်းမှုများကို မျက်ကွယ်ပြုပြီး ဗဟိဒ္ဓရဲ့သက်သောင့်သက်သာနေနိုင်မှုများနဲ့ အစားထိုး လာခဲ့ကြပါတယ်။ တဖြည်းဖြည်းနဲ့ အဇ္ဈတ္တ နာမ်ပိုင်းဆိုင်ရာဘဝကို ခိုင်မာတောင့်တင်းအောင် ပြုပြင်တည်ဆောက်ဖို့ အလေးမထားကြတော့ဘဲ အပေါ်ယံရုပ်ပိုင်းဆိုင်ရာဘဝ တည်ဆောက်မှုမျှကိုသာ ဦးတည်လာခဲ့ကြပါတယ်။ ရုပ်ပိုင်းဆိုင်ရာဘဝကို သာ လှပလာစေဖို့ အခြေပြုတည်ဆောက်လာခဲ့ကြသမို့ အားကျအတုယူဖွယ်များကိုလဲ ရုပ်ဝတ္ထုနယ် ပယ်မှာသာ ရှာဖွေလာကြပါတော့တယ်။ လူ့ကျင့်ဝတ်ဆိုင်ရာစည်းကမ်းတွေ၊ စစ်မှန်တဲ့လူသားရဲ့ ကိုယ်ပိုင်စွမ်းရည်တွေနဲ့ လူ့ဝန်းကျင်အတွက် ထိုက်တန်တဲ့ ရင်းနှီးပေးဆပ်မှုတွေ ရှိရမယ်ဆိုတဲ့ နာမ်ပိုင်း အရည်အသွေးတွေဟာ ခန်းခြောက်နည်းပါးလာခဲ့ပါတယ်။ အကြောင်းကောင်းဖို့ဆိုတာထက် ကိုယ့် အတွက် အကျိုးဘယ်လို မြတ်နိုင်မယ်ဆိုတာလောက်ကိုပဲ စဉ်းစားသူတွေများလာပါတယ်။ လူသား တစ်ဦးရဲ့ဖြစ်တည်မှု၊ ဂုဏ်သိက္ခာပြည့်ဝစွာ ရပ်တည်ရှင်သန်ကြီးထွားမှုအတွက်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ဘဝ တိုးတက်ရုံမျှနဲ့ ပြည့်စုံနိုင်မယ်မဟုတ်ပါဘူး။ ရုပ်ပိုင်းနာမ်ပိုင်းနဲ့ အချိုးတကျ တည်ဆောက်ထား တဲ့ဘဝမှာ ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ အခြေအနေတို့ကို မျှတစွာ တိုးတက်စေပါမှ ပြည့်ဝမှန်ကန် တဲ့တိုးတက်မှုရယ်လို့ ဆိုနိုင်မှာပါ။

ဒီလိုမှမဟုတ်ဘဲ တစ်ဖက်စောင်းနင်း ရုပ်ဝတ္ထုတစ်ခု တိုးတက်မှုချည်းအတွက်သာ အလေးပေးခဲ့မယ် ဆိုရင် နာမ်ပိုင်းဆိုင်ရာအရည်အသွေးတွေဟာ အင်အားချည့်နဲ့လာမှာ မလွဲပါဘူး။ အင်အားချည့်နဲ့ သောအရာအတွက် ရန်သူတို့အနေနဲ့ စိုးမိုးအနိုင်ယူဖို့ လွယ်ကူလေမှာလဲ အမှန်ပါပဲ။ နာမ်ပိုင်းဆိုင်ရာ ချည့်နဲ့မှုဆိုရာမှာ မေတ္တာတရားခေါင်းပါးခြင်း၊ဆင်ခြင်တွေးခေါ်နိုင်မှုစွမ်းရည်နည်းပါးခြင်း၊ ညီညွတ်မှုတွေ ပျက်ပြားဆုတ်ယုတ်ခြင်းစတဲ့ ကောင်းကျိုးဆောင်တရားတွေ နည်းပါးလာခြင်းကို ညွှန်းဆိုနိုင်သလို တစ်ဖက်မှာလဲ မတရားလောဘထူပြောခြင်း၊ ကြမ်းတမ်းရန်လိုတတ်တဲ့ ဒေါသများပြားခြင်း၊ အမှားကို

အမှန်ထင်၊အမှန်ကိုအမှားမြင်တတ်တဲ့မောဟတရားပွားများခြင်းနဲ့ မာန်မာနတရားစတဲ့ အဖျက်စွမ်းအား အပျက်တရားတွေ တိုးပွားများပြားလာခြင်းကိုလဲ ညွှန်းဆိုနိုင်ပါတယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့သန္တာန်မှာ လောဘ ဒေါသ မာန်မာနတရားများ ထူပြော၊ အမှား အမှန်ကို ခွဲခြားဝေဘန်နိုင်တဲ့အသိဉာဏ်တရားခေါင်းပါးပြီး ဆင်ခြင်ဉာဏ်မဲ့မှု၊ မောဟတရား ခေါင်းဆောင်လာမယ်၊(တစ်နည်းပြောရရင်) လူမိုက်တွေရှေ့တန်းမှာ ရှိနေမယ်ဆိုရင်တော့ အင်အားပြင်းပြင်း နဲ့ တိုက်ခိုက်ထိုးနှက်ဖို့ အလစ်ချောင်းနေတဲ့ ရန်သူများဟာ အလုံးအရင်းနဲ့ ထိုးနှက်တိုက်ခိုက်ကြပါလိမ့်မယ်။ မိမိရဲ့သန္တာန်မှာ ရန်သူနဲ့သဘောတူကြည်ဖြူနိုင်မယ့်၊ ရန်သူကိုလက်ကမ်းကြိုဆိုနေမယ့် အဆိုးတရားများက ရှိနေနှင့်ပြီးသားဖြစ်သမို့ ရန်သူအနေနဲ့ ထိုးနှက်တိုက်ခိုက်ဖို့ အလွန်မှပဲ လွယ်ကူပါလိမ့်မယ်။

ရန်သူရဲ့အဖျက်စွမ်းအားကို ခုခံတွန်းလှန်နိုင်မယ့် လက်နက်ကိရိယာတန်ဆာပလာတွေကို ဗုဒ္ဓဒေသနာမှာ အတိအကျညွှန်ပြထားပါတယ်။ ထုတ်ယူအသုံးပြုဖို့တာဝန်ကတော့ မိမိတို့ရဲ့တာဝန်သာပဲဖြစ်ပါတယ်။

လက်ရှိအခြေအနေဟာ တစိမ်းပြင်ပဝါဒရှင်တွေအနေနဲ့ စီးပွားရေး လူမှုရေးစတဲ့ လှပတဲ့ ခြုံလွှာလေးတွေခြုံရုံပြီး အင်အားပြင်းပြင်းနဲ့ မိတ်ဆွေရင်းခေါင်းဆောင်းကို ဆောင်းလာနေကြတဲ့အချိန် ဖြစ်ပါတယ်။ သတိပြုသင့်တဲ့အရာကို သတိမပြုမိပဲ အမှတ်တမဲ့ နေကြမယ်ဆိုရင်ဖြင့် မကြာလှတဲ့ အချိန်မှာပဲ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ နက်ရှိုင်းသိမ်မွေ့လှပတဲ့ ယဉ်ကျေးမှုအသွင်သဏ္ဍာန်ဆိုတာ သမိုင်းထဲမှာသာ ပြန်လည်တူးဖော်ရှာဖွေယူရတော့မည့် ရှားပါးရတနာသာ ဖြစ်နေပါလိမ့်မယ်။

မေတ္တာဖြင့်
အရှင်ဉာဏိကာဘိဝံသ